
လင်းခန့်
မြက်ရိုင်းတောဝယ်

# အခန်း (၁)

သူသည် ရေဒီယို နားထောင်မည့် အစား ခဏလောက်ကလေး ငြိမ်နေချင်၏။ ထို့ကြောင့် ဖြစ်လာသမျှ သူ့အမှားဟု ဆိုနိုင်သည် ။ သူမကတော့ ကားအဲရ်ကွန်းမှ လေအစား သဘာဝလေကိုသာ ရှူချင်၏။ ထို့ကြောင့် ဖြစ်လာသမျှ သူမ၏ အမှားဟု လည်း ဆိုနိုင်သည် ။ ထိုနှစ်ခုလုံးသာ မလုပ်ဖြစ်ခဲ့ပါက သူတို့ နှစ်ဦးလုံး ကောင်လေး၏ အော်သံကို လုံးဝကြားခဲ့မှာ မဟုတ်ချေ။ အကြောင်းကြောင့် အကျိုးဖြစ်ရသည် ဟု သာ ဆိုရပေမည်။ နှစ်ကိုယ့်တစ်စိတ်ဟု မိဘများက ခေါ်ကြရသည် အထိ ခွဲခြားလို့ မရသောကြောင့် လည်း ထိုအကျိုးဆက်ကို နှစ်ယောက်လုံး ခံစားရခြင်း ဖြစ်၏။ ကားလ်နှင့် ဘက်ကီတို့ မှာ ဆယ့်ကိုးလသာ ခြားသော မောင်နှမနှစ်ယောက် ဖြစ်သည် ။

မောင်နှမနှစ်ယောက် မည်မျှအတွဲညီပုံကို ဖအေဖြစ်သူ မစ္စတာဒီမုက ...

"ဘက်ကီက ဖုန်းကောက်ကိုင်လိုက်တာနဲ့ ကားလ်က ဟယ်လိုလို့ ထူးပြီးသားပဲ" ဟု ပြောတတ်သလို မအေဖြစ်သူ မစ္စက်ဒီမုကလည်း

"ကားလ်က ပါတီ လုပ်ရအောင်ဆိုတာနဲ့ ဘက်ကီက ဖိတ်မယ့် ဧည့်သည် စာရင်းကို ချရေးပြီးနှင့် ပြီရှင့်" ဟု ဆိုတတ်၏။

သူတို့ နှစ်ဦးသည် ဘယ်တော့မှ ကတော်ကဆ ဖြစ်လေ့မရှိ။ တက္ကသို

လ် အဆောင်မှာ နေသော ဘက်ကီက တက္ကသိုလ်ပြင်ပရှိ ကားလ်၏ အဆောင်ကို တစ်နေ့ ရောက်ချလာကာ ငါကိုယ်ဝန် ရှိနေပြီဟု ပြောသည့်အခါမှာ ပင် ကားလ်က အေးအေးဆေးဆေး နားထောင် ပေးလေသည် ။ သူတို့ ၏ မိဘများကတော့ သိပ်အကောင်းမြင်တတ်သူများ မဟုတ်ချေ။

ကားလ်က နယူးဟန့်ပ်ရှိုင်းယား တက္ကသိုလ်ကို ရွေးချယ်သဖြင့် ဒါဟန်းမြို့ထဲရှိ တက္ကသိုလ် ပြင်ပဆောင်မှာ နေသည် ။ ထို့ကြောင့် နောက်နှစ်နှစ်အကြာ၌ ဘက်ကီက ထိုကျောင်းကို ရွေးချယ်လိုက်သော အခါမှာ လည်း ထူးပြီး အံ့ဩစရာ မရှိချေ။ ထိုအချိန်ကတော့ ဘက်ကီ့မှာ ကိုယ်ဝန်မရှိသေး။ အပျိုစစ်၊ မစစ်ကတော့ ပြောဖို့ လိုမည် မထင်။

မစ္စက်ဒီမုက "အနည်းဆုံး ဘက်ကီနဲ့ လျှောက်သွားဖို့ ကားလ်တစ်ယောက် စနေ၊ တနင်္ဂနွေကို အိမ်ပြန်လာစရာ မလိုတော့ဘူးပေါ့ရှင်" ဟု ပြောသော်လည်း နှစ်မွှာအသည်း မိုက်ခဲညီနောင် ဖြစ်နေပုံကို မျက်စိနောက်နေဟန်ရှိသော မစ္စတာဒီမုက

"တို့ လည်း ခုမှ အေးအေးချမ်းချမ်း နေရပြီနဲ့ တူပါရဲ့ ။ အနှစ် နှစ်ဆယ်တောင် ဆိုတော့လည်း အတူတူ နေရတာ နည်းနည်းတော့ ငြီးငွေ့တာပေါ့" ဟု ဆို၏။

တကယ်တော့လည်း သူတို့ မောင်နှမသည် အခြားသူများ ထင်ကြသလို တစ်ယောက်ကိုစွဲ တစ်ယောက် လိုက်ပူနေခြင်း မဟုတ်ပါ။ သို့သော် ကလေးမွေးပြီးချိန်အထိ ဦးလေးဂျင်နှင့် ဒေါ်လေးအန်နီတို့ ဆီ သွားနေရန် မှာ ဘက်ကီ့အကြံသာ ဖြစ်၏။ အံ့အားသင့်၍ စိတ်ရှုပ်သွားသော မိဘများကိုတော့ အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်သည် ။ ကားလ်ကသူလည်း နွေဦးမှာ ဖြေရမည့် စာမေးပွဲကို တစ်နှစ်အောက်ပြီး တိုင်းပြည်အနှံ့ ကားတစ်စီးဖြင့် ခရီးဆန့်မည် ကြံ၏။ မိဘများက သူတို့ ကို ဘာမှ

ဝင်မပြောသလို ဘက်ကီ မီးဖွားပြီးချိန်အထိ သူမနှင့် အတူ ကားလ်ပါ ဆန်ဒေဂိုးသို့ လိုက်နေမည်ကိုပင် သဘောတူကြသည် ။ ကားလ်အနေဖြ င့် အလုပ်လေး ဘာလေးတော့ ရှာရမည်။ မီးဖွားစရိတ်အတွက် ထောက် ပံ့ကြေး လျှောက်မည်။

မစ္စက်ဒီမုက

"ဆယ့်ကိုးနှစ်နဲ့ များ ကိုယ်ဝန် ရှိရတယ်လို့ " ဟု အံ့သြသလို ဆို သောအခါ မစ္စတာဒီမုက

"ဟော့၊ မင်းလည်း ဆယ့်ကိုးနှစ်နဲ့ ဗိုက်ကြီးတာပဲလေကွာ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျုပ်က အိမ်ထောင်ကျလို့ ဗိုက်ကြီးတာ"

မစ္စတာဒီမုက မခံမရပ်နိုင်ဖြင့်

"အတင်း ယူခိုင်းတာလည်း ထည့်ပြောဦးလေ" ဟု ဆိုရာ မစ္စက်ဒီမု က သက်ပြင်းချကာ

"ရှေ့နာမည်ကိုတော့ ဘက်ကီ စိတ်ကြိုက်ပေးပါစေ၊ နောက်နာမည် ကတော့ ကားလ်ရွေး ပါလေ့ စေပေ့ါ"

ထိုအခါ မစ္စတာဒီမုက သက်ပြင်းတစ်ချက် ချကာ

"ဒါမှ မဟုတ်လည်း ကားလ်က ရှေ့၊ ဘက်ကီက နောက်ပေ့ါ"

တစ်ခါတစ်ရံ၌ အိမ်ထောင်သည် များ လည်း နှစ်ကိုယ့်တစ်စိတ် မော င်နှမမျိုး ဖြစ်တတ်လေ၏။ ကလေးများ အနောက်ဘက် ကမ်းရိုးတန်းဆီ ခရီးမထွက်ခင် တစ်နေ့တွင် မအေဖြစ်သူက ဘက်ကီ့ကို အပြင်ခေါ်ထုတ် ကာ နေ့လယ်စာ လိုက်ကျွေးသည် ။

"ကလေးကို မွေးစားဖို့ ပေးလိုက်မှာ သေချာရဲ့ လားကွယ်။ အမေ သ

မီးကို ဒီလို မေးခွင့်မရှိမှန်း သိပေမဲ့ သမီးအဖေက သိချင်နေလို့ ပါ"

"သမီးလည်း သေချာတော့ မစဉ်းစားရသေးပါဘူး။ ကားလ်ကလည်း သမီးအတွက် တစ်ခုခုတော့ ဝင်ဆုံးဖြတ်ပေးမှာ ပါ"

"ကလေးအဖေကရော ဘာတဲ့ လဲကွယ်"

ဘက်ကီက အံ့အားသင့်သွားဟန်ဖြင့်

"သြော် အမေကလည်း ၊ သူက ဘာဝင်ပြောမှာ လဲ။ အရူးမှ မဟုတ်ဘဲ"

မစ္စက်ဒီမုခမျှာ သက်ပြင်းကိုသာ ချမိလေ၏။

***